DENVER HEALTH
est. 1860
FOR LIFE'S JOURNEY

# သင့်ကိုယ်သင်၊ သင့်မိသားစုနှင့် သင့်ဒေသအသိုင်းအဝိုင်းကို ကာကွယ်ရန်...

# COVID-19 ကာကွယ်ဆေးထိုးပါ







## ဘာကြောင့် ကာကွယ်ဆေးထိုးရသလဲ။

ကာကွယ်ဆေးသည် ကျွန်ုပ်တို့ **COVID-19** ကို တိုက်ဖျက်ရာတွင် သုံးသော လက်နက်တစ်ခု ဖြစ်သည်။

သင့်အနေဖြင့် အခြားသူများကို ကာကွယ်ပေးပြီး သင့်ဒေသအသိုင်းအဝိုင်းကို ကူညီရာရောက်ပါသည်။

## ကာကွယ်ဆေးက ဘေးကင်းပါသလား။

ဘေးကင်းပါသည်။ COVID-19 ကာကွယ်ဆေးများသည် သင့်ကို COVID-19 ရောဂါ မကူးစက်နိုင်စေရန် အလွန်ထိရောက်စွာ ကာကွယ်ပေးပါသည်။ ဤကာကွယ်ဆေးများသည် သင့်ကို ရောဂါမဖြစ်စေပါ။




## ကာကွယ်ဆေးက အခမဲ့ဖြစ်သလား။

ဟုတ်ပါသည်။ ကာကွယ်ဆေးသည် လူတိုင်းအတွက် အခမဲ့ဖြစ်သည် – အသက်အရွယ်၊ လူမျိုး၊ တိုင်းရင်းသားမျိုးနွယ်၊ အိမ်ရာနေထိုင်မှု သို့မဟုတ် အထောက်အထား စာရွက်စာတမ်း အခြေအနေက မည်သို့ပင်ဖြစ်စေ ကာကွယ်ဆေးကို အခမဲ့ထိုးပေးပါမည်။ မည်သည့် ဓာတ်ပုံပါသော အိုင်ဒီကတ်ကိုမဆို လက်ခံပြီး သင့်တွင် ဓာတ်ပုံပါသော အိုင်ဒီကတ်မရှိပါက ကာကွယ်ဆေးထိုးပေးသူများသည် သင်ကာကွယ်ဆေး ထိုးပြီးကြောင်းသေချာစေရန် သင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ပါမည်။



## ကာကွယ်ဆေးထိုးပြီးပါက ဘယ်လို ခံစားရမလဲ။

COVID-19 ကာကွယ်ဆေး ထိုးပြီးနောက် ဘေးထွက်ဆိုးကျိုးအချို့ခံစားရနိုင်ပါသည်။

၎င်းတို့မှာ သင့်ခန္ဓာကိုယ်က အကာအကွယ်တစ်ခု တည်ဆောက်နေသော ပုံမှန် လက္ခဏာများ ဖြစ်ပြီး ရက်အနည်းငယ်သာ ကြာပါမည်။



## နှာခေါင်းစည်း ဆက်တပ်ရန် လိုပါသလား။

လိုပါသည်။ သင်သည် ကာကွယ်ဆေးထိုးထားပြီးသည့်တိုင် နှာခေါင်းစည်းဆက်တပ်ထားရန် လိုပြီး လူများနှင့် ခပ်ခွာခွာနေရန် လိုပါသည်။

## ကာကွယ်ဆေးနှင့်ပတ်သက်သည့် အချက်အလက်ကို ဘယ်လို ရနိုင်မလဲ။

နောက်ဆုံးရ သတင်းအချက်အလက်များအတွက်-

1. COVID ကာကွယ်ဆေးအတွက် စာရင်းသွင်း ဖုန်းလိုင်းထံ **303-436-7000** တွင် ခေါ်ဆိုပြီး 3 ကို နှိပ်ကာ သင် နှစ်သက်ရာ ဘာသာစကားဖြင့် အကူအညီရယူပါ
2. သင့်ဖုန်း၏ ကင်မရာကို ဖွင့်ပြီး QR ကုဒ်ကို စကန်ဖတ်ပါ သို့မဟုတ်
3. **DenverHealth.org/covidvaccine** သို့ သွားရောက်ပါ